## MYANMAR TRANSLATION

### အင်ဒို၊ ပစိဖိတ်ဒေသရှိ ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ညီလာခံ ထုတ်ပြန်ချက်၊

အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women Peace and Security) ဆိုင်ရာ ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းချက် အမှတ် 1325 တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် အဆုံးသတ်ရန် ၊ နိုင်ငံများကို တောင်းဆိုခဲ့သည်မှာ ၂၅ နှစ်ရှိပြီဖြစ်သည်။ မုဒိမ်းမှုနှင့် အခြားလိင်အကြမ်းဖက်မှုပုံစံများကို၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ကို၊ လက်နက်တစ်ခုအဖြစ် ရှုတ်ချသည့် ဆုံးဖြတ်ချက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းချက် အမှတ် ၁၊ ၈၂၀ တွင် မုဒိမ်းမှုနှင့် အခြားလိင်အကြမ်းဖက်မှုပုံစံများကို စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ကို လက်နက်တစ်ခုအဖြစ် ရှုတ်ချခဲ့သည်မှာ ၁၇၊ နှစ်ကြာခဲ့ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပသော 'Justice Denied: Fighting Widespread Impunity for Conflict-related Sexual Violence (CRSV)' ညီလာခံသို့ ကိုယ်စားလှယ် ၂၀၀ ကျော်၊ တက်ရောက်ခဲ့ပြီး ယင်းညီလာခံသည် အင်ဒို၊ ပစိဖိတ်ဒေသတွင် ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ တည်မြဲမှုပြဿနာကို အထူးတလည် ကိုင်တွယ်ဖြေရှင်းရန် ပထမဆုံးသော နိုင်ငံတကာ ညီလာခံဖြစ်သည်။၊ ထိုဆွေးနွေးပွဲ ညီလာခံသည် အင်ဒို၊ ပစိဖိတ်ဒေသရှိ ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ရေးနှင့် ရှင်သန်လွတ်မြောက်လာသူ သူဗဟိုပြု တုံ့ပြန်မှုများဆိုင်ရာ အခြေနေများနှင့် တရားမျှတမှုအခြေအနေတို့ကို၊ ချိတ်ဆက် ဆွေးနွေးခဲ့ သည်။၊

ရှင်သန်လွတ်မြောက်လာသူများ၊ သုတေသီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်နယ်များသည် အင်ဒို-ပစိဖိတ်ဒေသတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။၊

ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရှင်သန်လွတ်မြောက်လာသူများ (နှင့် မလွတ်မြောက်လာသူများ) သည် အရွယ်ရောက်ပြီးသူများ၊ ကလေးများနှင့် ကျား၊မ အားလုံးဖြစ်သည်။

နိုင်ငံတကာမှ ကတိကဝတ်ပြုထားသော်လည်း ယနေ့တွင် ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သည် မြင့်တက်လာနေပါသည်။ ဤအကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်မခံရခြင်း သည် နိုင်ငံရေး မတည်ငြိမ်သော ဒေသများ နှင့် ပဋိပက္ခ ဖြစ်ပွါးနေသောဒေသများ တွင် အလွန်မြင့်မားနေသည်။ သို့တိုင်၊ အသက်ရှင်ကျန်ရစ်သူများအတွက် ဘေးကင်းပြီး လက်လှမ်းမီနိုင်သော ပံ့ပိုးမှုများသည် တိုးချဲ့ခြင်းထက် လျော့နည်းလာပါသည်။

အင်ဒို-ပစိဖိတ်ဒေသသည် ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့်ဆက်ဆိုင်သော သင်ယူမှု၊ ပြောင်းလဲရေးလှုပ်ရှားမှုနှင့် နေထိုင်မှု အတွေ့အကြုံများ အတွက် အဓိကနေရာ ဖြစ်သည်။

ညီလာခံတက်ရောက်သူများသည် ရှင်သန်လွတ်မြောက်လာသူများ ၏ အခွင့်အရေးများ၊ စောင့်ရှောက်မှု၊ ဂုဏ်သိက္ခာ၊ တရားမျှတမှုနှင့် ဦးဆောင်ပါဝင်မှုများကို ဦးစားပေးလုပ်ဆောင်ရန် ဖော်ထုတ် ခဲ့ပြီး အကောင်ထည်ဖော်ရန် ကတိကဝတ်ပြုခဲ့သည်။

## ညီလာခံ သဘောတူညီချက်

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ကျား၊မ ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုများတွင် အမြစ်တွယ်နေသည့် စနစ်ကျသော၊ ဖိနှိပ်ချုပ်ချယ်မှု၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံရေး အကြမ်းဖက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ကိုလိုနီခေတ် ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြောင့် ဖြစ်ပေါ်လာသော စိတ်ဒဏ်ရာနှင့် ၎င်း၏ ဆိုးမွေဆိုးကျိုးများသည် ဆက်လက်တည်ရှိနေပါသည်။

ဤအကြမ်းဖက်မှုအပေါ် တုံ့ပြန်မှုအားလုံးသည် ရှင်သန်လွတ်မြောက်လာသူများ ဗဟိုပြုပြီး စိတ်ဒဏ်ရာဆိုင်ရာ သတိပြုဆောင်ရွက်မှု ကို ဗဟိုပြုရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပရိုဂရမ်တိုင်းသည် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များ၊ လုံခြုံမှုနှင့် သက်သေအထောက်အထားဆိုင်ရာ စံသတ်မှတ်ချက်များ၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ပစ်မှတ်များထက် ဗဟိုပြုရမည်ဖြစ်သည်။

ရှင်သန်လွတ်မြောက်လာသူများ ဗဟိုပြုသည့်  ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ရေးနှင့် တုံ့ပြန်မှုပြန်မှုများ ကဏ္ဍအားလုံးတွင် ချန်ပီယံများ လိုအပ်သည်-  ကျန်းမာရေး၊ ပညာရေး၊ ရဲတပ်ဖွဲ့၊ ဥပဒေ၊ မှုခင်းဆေးပညာ၊ မီဒီယာ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ စစ်ရေး/လုံခြုံရေး တို့အပါအဝင်ဖြစ်သည်။

ရှင်သန်လွတ်မြောက်လာသူများ အား ၎င်းတို့၏ဇာတ်လမ်းများကို မျှဝေခွင့်ရရန်၊ မျှဝေရာတွင် ဂရုတစိုက်နားထောင်ပြီး ၎င်းတို့၏အချက်အလက်များကို ထိန်းသိမ်းထားပေး ရမည်။ ရှင်သန်လွတ်မြောက်လာသူများ ၏ အသံနှင့် အတွေ့အကြုံများကို မှတ်တမ်းတင်ထားသော သက်သေခံချက်များ၊ ထုတ်ပြန်ကြေငြာချက်များ၊ အနုပညာ၊ ဂီတ၊ အက၊ ရုပ်ရှင်နှင့် အခြားဖန်တီးမှု နှင့်/သို့မဟုတ် ကုသရေးဆိုင်ရာ အလေ့အကျင့်များမှ တဆင့်  မျှဝေနိုင်ရန် အရေးကြီးပါသည်။

CEVAW

**နိုင်ငံများ၊ နိုင်ငံများအဖွဲ့အစည်းများနှင့် အလှူရှင်များမှ ရင်းနှီးမြှုပ်နှံရန် တောင်းဆိုခြင်း။**

*ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကိုကာကွယ်ခြင်း*

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့ချရန်နှင့် ပပျောက်စေရန် နှင့် ကျားမတန်းတူညီမျှမှုများ ပါဝင်သော အလေ့အကျင့်များကို မြှင့်တင်ရန် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူမှုရေးစံနှုန်းများကို ကိုမြှင့်တင်အားပေးသည့် လုပ်ငန်းစဉ်များကို အသိမှတ်ပြု ထောက်ပံ့ပေးရန်။

WPS အမျိုးသားအဆင့် နှင့် ဒေသအဆင့် လုပ်ငန်းရာထားချက်ကို ကတိပြုကာ ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းအတွက် ရှင်းလင်းပြတ်သား သော တာဝန်ယူမှု ယန္တရားများ အကောင်ထည်ဖော်ပေးရန်။

*ရှင်သန်လွတ်မြောက်လာသူများ ပြန်လည်ထူထောင်ရေးကို ပံ့ပိုးခြင်း*

လူတစ်ဦးချင်းနှင့် ရပ်ရွာအဆင့် ပြန်လည်ထူထောင်ရေးတို့အတွက် အရေးပေါ်နှင့် ယာယီဖြည့်စွက်ဆောင်ရွက်မှုများ ပါဝင်သည့် ပြုပြင်စီရင်မှုများ ခံစားခွင့်များ ကို လူ့အခွင့်အရေးတစ်ရပ်အဖြစ် ဦးစားပေး ဆောင်ရွက်ရန်။ ၎င်းတို့သည် ရာဇဝတ်မှုဆိုင်ရာ အပြစ်ချမှတ်ခြင်းမရှိဘဲလည်း ဆောင်ရွက်နိုင်သည်။

ရှင်သန်လွတ်မြောက်လာသူများ ဦးဆောင်သော တရားမျှတမှု အထိမ်းအမှတ် စီမံကိန်းများနှင့် လူထုအခြေပြု တရားမျှတမှု အစီအစဉ်များ  အထူးသဖြင့် မျိုးဆက်အဆင့်အဆင့်ပါဝင်နိုင်သော အစီအစဉ်များ  အတွက် ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်ရန်။

ရှင်သန်လွတ်မြောက်လာသူများ နှင့် ရပ်ရွာလူထုများအတွက် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ ရပ်တန့်ခြင်းမရှိ စေပဲ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များသည် ရေတို၊ အလတ်စားနှင့် ရေရှည် အချိန်ကာလအပိုင်းအခြားများ အတွက်ရရှိစေရန် ဆောင်ရွက်ပေးရန်။

*ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကို တုံ့ပြန်ခြင်း*

ရှင်သန်လွတ်မြောက်လာသူများ ဗဟိုပြုသော၊ စိတ်ဒဏ်ရာဆိုင်ရာ သတိပြုဆောင်ရွက်မှုအခြေခံသော လုံခြုံပြီး လက်လှမ်းမီနိုင်သော အားလုံးပါဝင်နိုင်သော စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဦးစားပေးလုပ်ဆောင်ရန်။

ရှင်သန်လွတ်မြောက်လာသူများ ဗဟိုပြုသော၊ စိတ်ဒဏ်ရာဆိုင်ရာ သတိပြုဆောင်ရွက်မှုအခြေခံသော မှတ်တမ်းတင်ခြင်း နှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ထူထောင်ရန်။

ရှင်သန်လွတ်မြောက်လာသူများ အား မလိုအပ်သည့် အန္တရာယ်ပေးခြင်း၊ ဖယ်ကျဉ်ခံရစေခြင်း၊ သို့မဟုတ် ၎င်းတို့၏ အတွေ့အကြုံများ ကြိမ်ဖန်တလဲလဲ ပြန်ပြောင်းပြောရခြင်း မှ ကင်းဝေးစေရန်၊ မှတ်တမ်းတင်ခြင်း နှင့် စုံစမ်းစစ်ဆေးရေး နည်းလမ်းအသစ်များ ရှာဖွေသည့် သုတေသနနှင့် အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန်။

နိုင်ငံအဆင့်တွင် မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း ဂေဟစနစ် (ecosystem) ကို တည်ဆောက်နိုင်ရန်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မှ universal jurisdiction တည်ဆောက်ရေးကို ထောက်ပံ့ရန်။

ရှင်သန်လွတ်မြောက်လာသူများ ပူးတွဲဖန်တီး သို့မဟုတ် ဦးဆောင်သော လုံခြုံပြီး ကျင့်ဝတ်နှင့်ညီသော မှတ်တမ်းတင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းကို သေချာအောင် ဆောင်ရွက်ရန်။ ဥပမာ Murad Code။

တိုက်ပွဲဝင်သူများအတွက် ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှု မှ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးသော ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့်/သို့မဟုတ် အစိုးရအာဏာရှိသူများအား တင်းမာစွာ ရှုတ်ချရန်။

## CEVAW အတွက်၊ နောက်လုပ်ငန်းစဉ်များ

၁။ သုတေသန၊ လုပ်ငန်းအတွေ့အကြုံနှင့် မူဝါဒဆိုင်ရာအသိပညာများကို မျှဝေနိုင်သော မည်သူမဆို ဝင်ရောက်နိုင်သော အခြေခံ ကွန်ယက်တစ်ခု ဖြစ်စေရန် ရည်ရွယ်၍ အင်ဒို-ပစိဖိတ်ဒေသရှိ ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှု ပူးပေါင်းဆောင်ရွက်ရေးကွန်ယက် (CRSV Collaborative Network) တည်ထောင်ရန်။

၂။ ပဋိပက္ခတွင်း၊ လိင်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှု ဆိုင်ရာ တက်ကြွလှုပ်ရှားမှု၊ သုတေသန၊ လုပ်ငန်းအတွေ့အကြုံ နှင့် မူဝါဒ ဆိုင်ရာ ဆွေးနွေးမှုများ ပါဝင်သော အင်ဒို-ပစိဖိတ် ဆိုင်ရာ သုတေသနညီလာခံကို နှစ်နှစ် တစ်ကြိမ် ကျင်းပရန်။

CEVAW

၃။ ရှင်သန်လွတ်မြောက်လာသူများ နှင့် ရှင်သန်လွတ်မြောက်လာသူများ အခွင့်အရေးအတွက်
လှုပ်ရှားသောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများနှင့် စာတမ်းများ ထုတ်ဝေခြင်း
အခွင့်အလမ်းများ ဖန်တီးရန်။